သစ်ချောက်ခင်ကျေးရွာ
သစ်ချောက်ခင်ကျေးရွာအုပ်စု၊
ဖြူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သစ်ချောက်ခင်ကျေးရွာ၊ဖြူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာနကကူညီရေးဆွဲသည်)
၂၀၁၈ခုနှစ်၊ဇွန်လ

**မာတိကာ၂**


၁. ဖြူးမြို့နယ်၊သစ်ချောက်ခင်အုပ်စု၊သစ်ချောက်ခင်ကျေးရွာ၏ သယံဇာတပြမြေပုံ ၃
၂. ဖြူးမြို့နယ်၊သစ်ချောက်ခင်အုပ်စု၊သစ်ချောက်ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန် ၄

၃. ဖြူးမြို့နယ်၊သစ်ချောက်ခင်အုပ်စု၊သစ်ချောက်ခင်ကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်

အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၅

၄. ဖြူးမြို့နယ်၊သစ်ချောက်ခင်အုပ်စု၊သစ်ချောက်ခင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု ၆

အခြေအနေများ

၄.က။တည်နေရာနှင့်ပထဝီအနေအထား ၆

၄. ခ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ၆

၄. ဂ။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ၆-၇

၄. ဃ။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

၄. င။အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၇- ၈

၄. စ။ပညာရေး ၈

၄.ဆ။ကျန်းမာရေး ၉

၄.ဇ။ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၉

၄.ဈ။ကျား - မရေးရာ ၉

၅။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၁ဝ-၁၁



**နောက်ဆက်တွဲများ**


. နောက်ဆက်တွဲ၁ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂


. နောက်ဆက်တွဲ၂ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၄-၅ဝ

. နောက်ဆက်တွဲ၃ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၅၁-၅၂

၁. ဖြူးမြို့နယ်၊သစ်ချောက်ခင်အုပ်စု၊သစ်ချောက်ခင်ကျေးရွာ၏ **သယံဇာတပြမြေပုံ**



## ၂. ဖြူးမြို့နယ်၊သစ်ချောက်ခင်အုပ်စု၊ သစ်ချောက်ခင်ကျေးရွာ၏ ရာသီခွင်ပြ-ပြက္ခဒိန်



"ရာသီခွင်ပြ ပြက္ခဒိန်"


ရည်ရွယ်ချက်။ ။ ရာသီအလိုက်ဖြစ်ပေါ်နေသော အလုပ်အကိုင်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များ၊ ချေးငွေလိုအပ်မှု၊ ဝမ်းစာရှားပါးမှု၊ သောက်သုံးရေရရှိမှု၊ တိရစ္ဆာန်ရောဂါကျရောက်မှု၊ ကျန်းမာရေးအခြေအနေ၊ သီးနှံ ပိုးမွှား ရောဂါကျရောက်မှု၊ အားလပ်ရက်များ၊ သဘာဝဘေးအန္တရာယ် စသည့် ကျေးရွာနှင့် သက်ဆိုင်သော အခြေအနေများကို လေ့လာရန်ဖြစ်သည်။

| အကြောင်းအရာ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း | များ | များ | နည်း | နည်း |
| ယာထဲလုပ်လက်စား မိသားစုများ ဝင်ငွေရရှိမှု (မရှိ/နည်း/များ) | နည်း | နည်း | များ | များ | နည်း | များ | များ | နည်း | နည်း | များ | များ | နည်း |
| အသုံးစရိတ် | နည်း | များ | များ | များ | နည်း | များ | များ | နည်း | များ | များ | နည်း | နည်း |
| ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | များ | နည်း | နည်း | များ | နည်း |
| ဝမ်းစာရှားပါးမှု | နည်း | နည်း | များ | များ | များ | နည်း | [illegible] | နည်း | များ | များ | များ | နည်း |
| သောက်သုံးရေရရှိမှု | များ | များ | နည်း | နည်း | နည်း | များ | များ | များ | များ | များ | များ | များ |
| တိရစ္ဆာန် အစာရရှိမှု | နည်း | နည်း | များ | များ | နည်း | များ | များ | များ | များ | များ | နည်း | နည်း |
| တိရစ္ဆာန် ရောဂါကျရောက်မှု | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း | များ |
| ကျန်းမာရေး အခြေအနေ | နည်း | နည်း | များ | များ | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | များ |
| သီးနှံ ပိုးမွှား ရောဂါကျရောက်မှု | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | များ |
| ပွဲတော် | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | များ | နည်း | နည်း |
| သဘာဝဘေးအန္တရာယ် | နည်း | နည်း | များ | ရှိ | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း |

ဘယ်လမှာ ဘာတွေဖြစ်လေ့ရှိလဲ။ ။ ဩဂုတ်လတွင် မိုးများသောကြောင့် ဖြစ်ရသောကြောင့် နိမ့်သော လယ်ကွင်းများ ရေနစ်မြုပ်တတ်သည်။

အကြောင်း ဖြစ်ရတာကလဲ ။ ။ မိုး [illegible]

၃. ဖြူးမြို့နယ်၊ သစ်ချောက်ခင်အုပ်စု၊သစ်ချောက်ခင်ကျေးရွာ၏ **ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ**



၄. ဖြူးမြို့နယ်၊သစ်ချောက်ခင်အုပ်စု၊သစ်ချောက်ခင်ကျေးရွာ၏ **လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

## (၁) ပထဝီအနေအထားနှင့် တည်နေရာ

ကျွန်တော်တို့ကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးစိုက်ရာဖြူးမြို့ မှ ဖြူး-အုတ်ဖြတ်-မုန်းလမ်းမပေါ်ရှိဝဲကြီးကျေးရွာ၏ မြောက်ဘက်(၂)မိုင်အကွာတွင်တည်ရှိပါသည်။ဖြူးမှ ဝဲကြီးသို့(၇)မိုင်ခန့်ကွာဝေးပြီးကတ္တရာ လမ်းမဖြစ်သည်။ဝဲကြီးမှသစ်ချောက်ခင်ကျေးရွာသို့(၂)မိုင်လမ်းမှာကျောက်ချောလမ်းဖြစ်ပါသည်။ကျေးရွာ၏မြောက်ဘက်တွင် ရှားပင်ချောင်ကျေးရွာ၊တောင်ဘက်တွင်ဝဲကြီး (မ)ကျေးရွာနှင့်အနောက်ဘက်တွင်နရိုင်ပူကျေးရွာတည်ရှိသည်။ကျွန်တော်တို့ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ(၆၀)လက်မမှ(၈၀)လက်မဖြစ်ပြီးမိုးရာသီစပါးစိုက်ပျိုးရန်မိုးရေလုံလောက်မှုရရှိသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိသော်လည်းရေလွှမ်းမိုးမှုမှကင်းလွတ်သည်။ကျေးရွာသည်မြစ်ချောင်းများဝန်းရံနေသည်။ရွာ၏မြောက်ဘက်(၁)မိုင်ခန့်အကွာတွင် ငမွေဆည်ကျောက်ကြီးချောင်းနှင့် ၎င်း၏မြောက်ဘက်ပေ(၃၀၀)အကွာတွင်စစ်တောင်းမြစ်တည်ရှိသည်။

ရွာ၏အရှေ့ဘက်တွင်ကြံချေးမြောင်းတည်ရှိပြီး၎င်းမြောင်း ၏အရှေ့ဘက်(၁)မိုင်အကွာတွင်ဖြူးချောင်းရှိသည်။ ကျေးရွာတွင်လယ်ကွင်းများကိုကွင်း(၃)ကွင်းခွဲခြား ထားသည်။ ၂၂၅/က ကွင်း၊၂၂၅/ခ ကွင်းနှင့် ၂၂၅/ဂ ကွင်းတို့ဖြစ်သည်။ကကြီးကွင်းနှင့် ခ ကွင်းတို့မှာ ကျေးရွာ၏မြောက်ဘက်နှင့် တောင်ဘက်တွင်တည်ရှိပြီး ထွက်ကုန်များသယ်ယူပို့ဆောင်ရန်လွယ်ကူသည်။ ဂ ကွင်းမှာကျေးရွာ၏ အရှေ့ဘက်တွင်တည်ရှိပြီး ထုတ်ကုန်များသယ်ယူပို့ဆောင်ရန်ခက်ခဲသည်။ ကျေးရွာ တွင် စိုက်ပျိုးမြေဧက(၁၁၈၈.၉၅)ဧက ရှိပါသည်။

## (၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ကျေးရွာသည် မြောက်ဘက်တွင် ငမွေဆည်ကျောက်ကြီးချောင်းနှင့် စစ်တောင်းမြစ်တည်ရှိပြီး အရှေ့ဘက်နှင့်တောင်ဘက်တွင် ကြံချေးမြောင်းမှ ရွာပတ်ထားသည်။ ငမွေဆည်ကျောက်ကြီးချောင်းမှ ရေ ကိုစိုက်ပျိုးရေးအတွက်အသုံးပြုနိုင်သော်လည်း ကြံချေးမြောင်းမှ ရေမှာစိုက်ပျိုးရန် အတွက်အသုံးချ ၍မရ ပေ။ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထား၍ လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေဧက (၁၁၈၈.၉၅)ဧက ရှိပါ သည်။ကျေးရွာသည် ရာသီဥတုကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတမထွက်ရှိပါ။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၃) ဖွဲ့ နှင့် ယဉ်ကျေးမှုဆိုင်အဖွဲ့အစည်း (၁)ဖွဲ့ရှိ သည်။ အုပ်ချုပ်ရေးအဖွဲ့သည် နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသော အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်ပြီး ကောင်းမွန် သော အဖွဲ့အစည်း ဖြစ်သည်။ ၎င်းအဖွဲ့သည် လူမှုရေးအဖွဲ့ များနှင့်တွဲ၍ ကျေးရွာ၏

ဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုလုပ်ဆောင်သည်။ မီးကော်မတီ၊လမ်းကော်မတီတို့မှာလည်း အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်သည်။ မိဘဆရာအသင်းမှာလည်း အင်အားတောင့်တင်းပြီး အထက်ပါအဖွဲ့များ နှင့်ချိတ်ဆက် ဆောင်ရွက်မှုရှိပါသည်။ ဂေါပကအဖွဲ့မှာ အင်အားနည်း၍ ချိတ်ဆက်ဆောင်ရွက်မှုနည်းကာ စွမ်းဆောင်ရည်နိမ့်သည်။ ပြင်ပမှဖွဲ့စည်းပေးထားသော ဖွံ့ဖြိုးရေးအဖွဲ့များလည်း ရှိသည်။ မြန်မာအသေး စား ငွေကြေးအဖွဲ့မှလည်း အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်အောင်ဆောင်ရွက်လျက် ရှိသည်။ အထက်ပါအဖွဲ့အစည်းများသည် ချိတ်ဆက်ဆောင်ရွက်မှုရှိကြကာ ကျေးရွာတိုးတက်မှု အတွက်များစွာ အထောက်အကူပြုသည်။ အဖွဲ့အစည်းဆိုင်ရာသဘောတရားနှင့်ပတ်သက်၍ စွမ်းဆောင်ရည်မြှင့် သင်တန်းများရှိပါက ပိုမိုအားကောင်းသောအဖွဲ့အစည်းများဖြစ်ကာ ကျေးရွာဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

### (၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

#### (က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင် ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ( ၆၀.၆ %)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ် သတ်မှတ်ပြီး၊( ၃၀.၃%) သည် အလယ်အလတ်အဆင့်နှင့် (၉.၁%)သည် ချမ်းသာအဆင့်ဟူ၍သတ်မှတ်သည်။ ကျေးရွာတွင် လယ်ပိုင်ဆိုင်မှု နှင့် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်တင့်ကောင်းမွန်သည်ဟုပြောနိုင်သည်။ ချမ်းသာသော လယ်သမားများနှင့် အခြားလယ်သမားများ အချို့တို့မှာလည်း လက်သမား၊ပန်းရံ၊ဆန်ကြိတ်စက်နှင့်အသေးစားအိမ်တွင်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ကြသည်။ ငွေ ချေးသောအိမ်ထောင်စုများအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေကြေးအသင့် အတင့် အဆင်ပြေကြသည်။

ကျေးရွာတွင်စပါးနှင့်မတ်ပဲ၊ပဲတီစိမ်း၊ကုလားပဲ၊ပဲနောက်အဓိကထား၍စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ပျိုးဧက(၁၁၈၈.၉၅)ဖြစ်ပြီး သီးထပ်အဖြစ်မတ်ပဲ၊ ပဲတီစိမ်း၊ကုလားပဲ၊ ပဲနောက် တို့ကိုစိုက်ပျိုးကြ သည်။ မိုးစပါးအထွက်နှုန်းတစ်ဧက ပျမ်းမျှ(၆၅)တင်းထွက်ရှိပြီး၊ မတ်ပဲ၊ပဲတီစိမ်း၊ကုလားပဲပျမ်းမျှ တစ်ဧက အထွက်နှုန်း(၁၂)တင်းဖြစ်သည်။

#### (ခ) မွေးမြူရေး

ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ ၂၅.၈ % ဝန်းကျင်သာရှိပြီး ဒေသဝက်မျိုးများကို မွေးမြူကြသည်။ ဒေသ၏ကြက်မွေးသည့် အိမ်ထောင်စုမှာလည်း တစ်ရွာလုံး၏၄၃.၃%ရှိပြီးဈေးကွက်တွင်ဝယ်လိုအား ရှိသည်။ရာသီအလိုက်ဖြစ်ပွား

တတ်သော တိရိစ္ဆာန် ရောဂါ များ မှာ အထူးသဖြင့်ကြက်လည်လိမ်ရောဂါနှင့် ဝက်နားရွက်ပြာရောဂါများပြီးဝက်နှင့်ကြက် အသေအကြေများသည်။ နည်းပညာဝန်ဆောင်မှုများကို မြို့နယ်တိမွေးကုဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်း အင်အားနည်း ခြင်းကြောင့် ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးဆိုင်ရာအဟန့်အတားများ အနေဖြင့် ဆင်းရဲ သောအိမ်ထောင်စုများအနေဖြင့် မွေးမြူရေးတို့ချဲ့ လုပ်ကိုင် ဆောင်ရွက်လိုကြသော်လည်း ငွေကြေးအခက် အခဲနှင့်သွင်းအားစု၊ နည်းပညာ အခက်အခဲများရှိကြသည်။ ရွာမှငွေချေးသူများ ထံမှ ချေးယူလျှင် လည်း အတိုးနှုန်း များပြား သဖြင့် လုပ်ကိုင်ရန်မလွယ်ကူပေ။

**(ဂ) ငါးလုပ်ငန်း**

ကျေးရွာတွင် ငါးလုပ်ငန်းအနေဖြင့် အင်းလုပ်သူနှင့် ကျားထောင်ရာဖွေသူ၊ ပိုက်ထောင်သူ အနည်းငယ်သာလုပ်ကိုင်ကြပြီး ငါးမွေးမြူရန် ပြင်ဆင်လျက်ရှိပြီး လုပ်ငန်းအကောင်အထည်မဖော်ရသေး ပေ။ ငါးလုပ်ငန်းလုပ်ကိုင်သူများမှာ ဝင်ငွေအသင့်အတင့် ကောင်းမွန်သည်။

**(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း**

ကျေးရွာတွင် ဆန်စက်လုပ်ငန်း၊လက်သမားလုပ်ငန်း၊ပန်းရံလုပ်ငန်း၊ ဈေးရောင်းလုပ်ငန်းများ နှင့်ခေါင်းရွက်ဗျက်ထိုးသည်များ၊အစိုးရဝန်ထမ်းတို့မှာလည်း ဝင်ငွေ အနည်းအပါးမှ အသင့်အတင့်အဆင် ပြေကြသည်။လက်သမား၊ပန်းရံဆရာအဆင့် တစ်နေ့လုပ်အားခမှာ (၁၀၀၀၀)ကျပ်၊ နောက်လိုက်များမှာ (၈၀၀၀)ကျပ် ရရှိကြသည်။ ကျေးရွာတွင် စပါးနှင့် မတ်ပဲ အဓိကထား၍ စိုက်ပျိုးကြပြီး အလုပ်သမားများ မှာ အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။ လုပ်အားခကို ဧကအလိုက်သတ်မှတ်ထားပြီး စပါး တစ်ဧက ရိတ်သိမ်းခမှာ (၄၀၀၀၀)ကျပ်မှ (၄၅၀၀၀) ကျပ်အထိ၊မတ်ပဲ တစ်ဧက ရိတ်သိမ်းခ(၅၀၀၀၀)ကျပ်မှ (၆၀၀၀၀)ကျပ်အထိ ဖြစ်ပြီး စပါးတစ်ဧက အလုပ်သမား (၅)ဦးနှုန်း၊ပဲတစ်ဧက (၁၀)နှုန်းလုပ်ကိုင်ကြ သည်။တစ်နှစ်အတွင်းအလုပ်လုပ်ရသည့်ရက်ပေါင်း (၆၀)မှ(၇၀)ရက်ထိရှိကြသည်။လုပ်အားခရရှိမှု ကျား၊ မ တူညီမှုမရှိဘဲ ကျားလုပ်အားခမှာ ပိုတတ်သည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်း ကြောင့် လူ့အရင်းအမြစ် အလားအလာမကောင်းနိုင်ပေ၊မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်း သင်တန်း အချို့ကို ဝန်ဆောင်မှု ပေးနိုင်သောလုပ်ငန်းများ ရှိကြသည်။အပ်ချုပ်လုပ်ငန်း၊မုန့်လုပ်ငန်း၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်သင်တန်းများနှင့်အသက်မွေးဝမ်းကြောင်းသင်တန်းများနှင့် အထိအတွေ့နည်းပါး ကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျကြသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း (၇၀)ပြားတိုး၊တစ်ဧက (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧက ထိချေးယူနိုင် သည်။ ကျေးရွာတွင် သမဝါယမအသင်းမှ(၂)သင်းခွဲ၍ ထုတ်ချေးပေးသည်။ (၁)အသင်းမှ ခိုင်မြဲသစ္စာသမအသင်းနှင့် ကျော်ကြားမောင်သမအသင်းတို့ဖြစ်ကြသည်။ ကျေးရွာရန်ပုံငွေအဖွဲ့ကိုဖွဲ့စည်းထားပြီး ရွာသား အများစုသည် အဖွဲ့ဝင်များဖြစ်ကြသည်။ တစ်လအတိုးနှုန်း(၁.၅၀)ကျပ်နှုန်းဖြင့်(၆)လအတွက် ထုတ်ချေးနိုင်ကြသည်။ချေးငွေကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းပိုင်းများကို သာထုတ်ချေးပြီး လက်လုပ်လက်စားလုပ်သားများ အတွက်မထုတ်ချေးပေးပေ။လက်ရှိတွင်သမဝါယမထုတ်ချေးသူခိုင်မြဲသစ္စာအသင်းတွင် အသင်းဝင်(၇၅)ဦးနှင့် ကျော်ကြားမောင်အဖွဲ့တွင် (၆၀)ဦးတို့ချေးယူကြပြီး ခိုင်မြဲသစ္စာအသင်းမှာတစ်ဦးလျှင် သုံးသိန်းကျပ်နှင့် ကျော်ကြားမောင်အသင်းမှာ တစ်ဦးလျှင် နှစ်သိန်း ကျပ်ကိုတစ်လအတိုးတစ်ကျပ်ပြားငါးဆယ် နှင့်(၆)လအတွက် ထုတ်ချေးယူကြသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

၂၀၁၅-၂၀၁၆ခုနှစ်က (၂)မိုင်အရှည်ရှိသော ချဉ်းကပ်လမ်းကို ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကျောက်ချောလမ်း ဝဲကြီး-သစ်ချောက်ခင်-ရှားပင်ချောင်လမ်းအား ခင်းပေးခဲ့သည်။ ရွာတွင်းလမ်း များမှာ မြေသားလမ်းနှင့် ကျောက်ကြမ်းလမ်းများဖြင့် တည်ဆောက်ထားပြီးထော်လာဂျီများမောင်းနှင့်ကြသည်။ချဉ်းကပ်လမ်းပေါ်တွင် ၂၀၁၀ခုနှစ်က သဲဖြူမြောင်းတံတားကိုကျေးလက်စည်ပင်မှတည်ဆောက်ပေး ခဲ့သည်။၄င်းလမ်းပေါ်တွင် ရွာသူရွာသားများနှင့်အလှူရှင်များစုပေါင်း၍ ၂၀၀၈ခုနှစ်တွင် ကြံချေးမြောင်း တံတားအား သိန်း(၂၀၀)ကျပ်အကုန်ကျခံ၍ဆောက်လုပ်ထားသည်။၂၀၁၇ခုနှစ် ပြည်ထောင်စုလွှတ်တော်ရံပုံငွေသိန်း(၅၀)ကျပ်မတည်၍ သိန်း(၁၃၅)သိန်းအကုန်ကျခံကာ ငမွေဆည်ကျောက်ကြီးချောင်းတံတား အား ကျေးရွာမှဆောက်လုပ်ခဲ့သည်။ ရေလမ်းသုံးပြုမှုမရှိပေ။ရွာတွင်းလမ်းနှင့်ချဉ်းကပ်လမ်းပေါ်တွင် ကား (၂)စီး၊ ထော်လာဂျီအစီး(၄၀)၊ဆိုင်ကယ်(၁၈၃)စီး၊ စက်ဘီး(၁၂၉)စီးထွန်စက်(၅)စီး နှင့်ပြင်ပမှလာသော ဖောကားများရိတ်ခြွေစက်များသွားလာကြသည်။

၂၀၀၇ ခုနှစ်တွင် လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနက စစ်တောင်းမြစ်ရေကာ တမံတည်ဆောက် ပေးခဲ့ခြင်းကြောင့်လယ်မြေများဧကပေါင်းထောင်နှင့်ချီ၍ရေလွှမ်းခြင်းမှ လွတ်မြောက်ခဲ့သည်။ယခုအခါ မြစ်ရေများလျှင် အနိမ့်ပိုင်းအချို့ရေလွှမ်းဆဲ ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်း အောင်ဆောင်ရွက်ခဲ့ကြသည်။ ကုန်ကျငွေသိန်း ၁၂၀၀ခန့်ကုန်ကျခံပြီး မီးလင်းအောင်ဆောင်ရွက်ခဲ့ကြသည်။ ဒေသ၏(၉၀%)သည်

လျှပ်စစ်မီးသုံးစွဲခဲ့ကြပြီး၊ ဒေသတွင်အင်တာနက်အသုံးပြုမှုကောင်းမွန်သည်။ တယ်လီဖုန်း ဆက်သွယ်မှုလဲကောင်းမွန်သည်။

**(၆) ပညာရေး**

ကျေးရွာတွင်မူလတန်း(KG)ကျောင်းဆောင်အား ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသည်။ ပေ(၄၀×၂၄)ပေရှိပြီး ကွန်ကရစ်အခင်း၊အုတ်နံရံနှင့် သွပ်မိုးဖြစ်သည်။အလယ်တန်းကိုပေ(၇၀×၃၀)ပေရှိ သောအဆောင်တွင်သင်ကြားနေပါသည်။ အထက်တန်းကို(၉၀×၃၀)ပေ ကွန်ကရစ်အခင်း၊အုတ်နံရံ၊သွပ်မိုး အဆောင်တွင်သင်ကြားနေပါသည်။ ရွာသူရွာသားများအားလုံး ပညာသင်ကြားခြင်းမှာ ရွာ၏တွဲဘက် အထကတွင် သင်ကြားပြီး၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းမရှိဘဲ၊ တစ်ချို့မှာကိုယ်ပိုင်အထက်တန်း ကျောင်းနှင့် ဘော်ဒါသင်ကျောင်းများ၌ သင်ကြားနေသည်။ရွာ၏ထခွဲကျောင်းတွင် ကျောင်းအုပ် ဆရာမကြီးတစ်ဦး အထက်တန်းပြ (၈)ယောက်ငင်းတို့အနက်မဟာသိပ္ပံနှင့်ဆရာမလေး(၂)ဦးပါဝင်သင် ကြားနေပြီး၊မူလတန်း တွင်ဆရာ/ဆရာမ (၇)ယောက်နှင့်အလယ်တန်းတွင်ဆရာ/ဆရာမ(၇)ယောက်သင် ကြားနေပြီး၊ သန့်ရှင်းရေး(၁)ယောက်၊ စာရေး(၂)ယောက်၊ညစောင့်(၁)ယောက် စုစုပေါင်းဝန်ထမ်းအင်အား (၂၇)ယောက်ရှိပါသည်။စာရေးကိရိယာများ၊ပုံနှိပ်များ၊ဗလာစာအုပ်များကိုလည်းပညာရေးဌာနမှကူ ညီပံ့ပိုး ပေးပါသည်။

**(၇) ကျန်းမာရေး**

ကျေးရွာတွင်
သားဖွားမီးယပ်နှင့်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ရွာသူရွာသားများ အတွက် ရာသီဥတု ကြောင့် ဖြစ်သောဖျားနာခြင်းများအတွက် အဆင်ပြေလွယ်ကူသည်။သို့သော်လည်း ဝေး လံသောနေရာဖြစ်ခြင်းကြောင့် ဆရာဝန်တစ်ဦးနှင့်နောက်လိုက်အဖွဲ့များလိုအပ်နေပါသည်။ လျှပ်စစ်မီးရ၍ ရေခဲသေတ္တာနှင့် ထည့်ရသောဆေးဝါးများ အတွက်သိုလှောင်ရန်အဆင်ပြေသည်။ ဆေးပေးခန်းမှာ အမဲခေါင် အုပ်စု လယ်ပြင်ကြီးကျေးရွာမှ လက်ခွဲဖြစ်ပြီး ရွာနှင့်ဖြူးမြို့နယ် ဆေးရုံကြီး(၉)မိုင်ခန့်ကွာဝေးသည်။ တိုက်နယ်ဆေးရုံဝဲကြီးကျေးရွာနှင့်(၂)မိုင်ခန့်ဝေး ကွာသည်။ သောက်သုံးရေအတွက် မော်တာတပ်တုံကင်များနှင့် လက်နှိပ်တုံကင်များမှရရှိကြပြီး သောက်သုံးရေ သန့်ရှင်းမှုနည်းပါးသည်။ အဝီစိတွင်းများဖြစ်ကြသော် လည်းအတမ်အနက်ပေါ်မူတည်၍ သန့်စင်သောရေများမှာ ကွာခြားမှုရှိသည်ကိုတွေ့ရသည်။ ရေမသန့်ရှင်းမှု ကြောင့်ကျောက်တည်ခြင်း ရောဂါတချို့ ဖြစ်ပွားသည်ကိုတွေ့ရသည်။ရွာတွင်သန့်ရှင်းသောရေအတွက် စက် ရေတွင်း(၁)တွင်း လိုအပ်ပါသည်။တရွာလုံးယင်လုံအိမ်သာသုံးစွဲခြင်းကြောင့် ဆက်စပ်ဆင့်ပွားရောဂါဖြစ်ပွား မှုနည်းပါး သည်။

**(၈) ဘေးအန္တရာယ်နှင်ဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှာ မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးလွှမ်းမိုးမှုမှကင်းလွတ်သည်။မြေပြန့်ဒေ သဖြစ်သော်လည်း၊ မုန်တိုင်းဘေးအန္တရာယ်မှ ကင်းလွတ်သည်။ကျေးရွာတွင် မတ်ပဲနှင့် ပဲတီစိမ်းစိုက်ခင်း များတွင် ဖျက်ပိုးများကျရောက်သဖြင့် ဓါတုဆေးဝါးများ သုံးစွဲမှုများပြားလာခြင်း၊ဓါတုမြေသြဇာများသုံးစွဲ ခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေး များကိုသာအသုံး များကြသည်။စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံများ ကိုစနစ်တကျ မစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

**(၉) ကျား/ မ ရေးရာ**

ကျေးရွာတွင် ကျား/မရေးရာဆိုင်ရာ ဆက်နွယ်မှု တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘူယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အလမ်းများမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ် သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအား ဖြင့် သဘာဝနှင့်အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့ နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှုအသင့်အတင့် ရှိကြ သည်။ ကျား/မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**(၁၀) ဦးစားပေးဆောင်ရွက်ရမည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ သစ်ချောက်ခင် ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးစနစ် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြား အေဂျင်စီများထံမှ နည်းပညာ အကူအညီများရရှိ ရန်လည်း လိုအပ်ပါသည်။ သစ်ချောက်ခင်

ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ် ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| **ကဏ္ဍ/ အကြောင်းအရာ** | **စီမံချက်** | **ရမှတ် ပေါင်း** | **အဆင့်** | **စီမံချက်အကြောင်းရှင်းလင်း ဖော်ပြချက်** |
|---|---|---|---|---|
| ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁။လမ်းတံတားဖွံ့ဖြိုးမှု စီမံချက် | ၅၀ | ၁ | -မိုးရာသီတွင် သွားလာရေး အဆင်ပြေစေရန် |
| ဝဲကြီး-သစ်ချောက်ခင်ချဉ်းကပ်လမ်းပြုပြင်ခြင်း | ၂။လမ်းတံတားဖွံ့ဖြိုးမှု စီမံချက် | ၄၈ | ၂ | - မိုးရာသီတွင် သွားလာရေး အဆင်ပြေစေရန် |
| စာသင်ခုံများပြုလုပ်ခြင်း | ၃။ ပညာရေးစီမံချက် | ၄၅ | ၃ | ကျောင်းသားများစာသင်ရာတွင်အဆင်ပြေစေရန် |
| စက်ရေတွင်းတူးဖော်ခြင်း | ၄။ ရေပေးရေးစီမံချက် | ၃၆ | ၄ | သန့်ရှင်းသော သောက်သုံးရေရရှိစေရန် |

**နောက်ဆက်တွဲ (၁)**

**ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ဖြူးမြို့နယ်**

**သစ်ချောက်ခင်ကျေးရွာ-ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဟန်တင့် | ဦးတင့်နိုင် | ၇/ဖမန (နိုင်)၀၂၀၁၁၃ | ၄၅ | ဥက္ကဌ | |
| ၂ | ဦးမြိုင်ပု | ဦးလှိုင်ဝင်း | ၇/ဖမန (နိုင်)၀၀၅၅၃၂ | ၅၀ | အတွင်းရေးမှူး | |
| ၃ | ဦးတင်နိုင်ဝင်း | ဦးတင်ဝင်း | ၇/ဖမန (နိုင်)၀၄၁၅၀၆ | ၅၃ | ဝယ်ယူရေးဥက္ကဌ | |
| ၄ | ဦးထွန်းမင်းလတ် | ဦးနိုင်လှ | ၇/ဖမန(နိုင်)၀၄၅၂၆၁ | ၃၈ | ဘဏ္ဍာရေးမှူး | |
| ၅ | ဒေါ်ဖြူဖြူဌေး | ဦးမြသန်း | ၆/လလန(နိုင်)၀၄၅၂၂၅ | ၄၀ | စာရင်းကိုင် | |
| ၆ | ဒေါ်ခင်မာရီ | ဦးဝင်း | ၇/ဖမန (နိုင်)၀၀၀၅၈၉ | ၃၅ | အဖွဲ့ဝင် | |
| ၇ | ဒေါ်ခက်ခက် | ဦးလှ | ၇/ဖမန (နိုင်)၀၀၄၅၅၆ | ၅၀ | အဖွဲ့ဝင် | |
| | | | | | | |
| | | | | | | |

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၇ | ၁၆ | ၃၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၁ | ၄၅ | ၈၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၈၀ | ၉၂ | ၁၇၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၇ | ၆၇ | ၁၄၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၅၃ | ၅၉၇ | ၁၁၅၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၄၄ | ၅၄ | ၉၈ |
| စုစုပေါင်း | | ၈၁၂ | ၈၇၁ | ၁၆၈၃ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၃၀ | | |

ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုစာရင်းကောက်ယူရာတွင်တိကျမှန်ကန်သောလူဦးရေနှင့် အိမ်ထောင်စုအရေအတွက်များရရှိခြင်း အိမ်ထောင်စုအလိုက် စားဝတ်နေရေး အခြေအနေများ သိရှိခြင်းအိမ်ထောင်စုအလိုက် မွေးမြူထားသောတိရိစ္ဆာန်များ၏ အရေအတွက်ကိုသိရှိပြီး ၄င်းတို့၏ လူနေမှုအဆင့်ဆင့်နှင့် ကျန်းမာရေး အခြေအနေများပါတွေ့ရှိရသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့ | ရေရရှိမှု (ရ၊မရ၊အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၁၈၈. ၉၅ | ကောင်း | နည်း | မိုးရေနှင့်ချောင်းရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၅ | သင့် | နည်း | မိုးရေနှင့်ပိုက်တွင်းရေ |
| ကိုင်း၊ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့ | ရေရရှိမှု (ရ၊မရ၊အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စုစုပေါင်း | ၁၁၉၃.၉၅ | | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။စိုက်ပျိုးမြေများသည်မြေဆီလွှာကောင်းမွန်သော်လည်းမိုးရွာသီစပါးစိုက်ပျိုးခင်းများတွင် မိုးရေလုံလောက်စွာရရှိပြီး ဆောင်းရာသီပဲစိုက်ချိန် များတွင် ရေလုံလောက်လောက်စွာမရရှိခြင်းကိုတွေ့ရှိရပါသည်။ မြေအောက်ရေရရှိမှုလိုအပ်ပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ) | အသုံးပြုနိုင်မှု (လွယ်၊ခက်၊ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့၊ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သဲ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | | |
| ပျှမ်းမျှအပူချိန် - | ပျှမ်းမျှ မိုးရေချိန် -၆၀ | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင် သဲအသင့်အတင့်ရရှိပြီး သယ်ယူရန်လွယ်ကူပြီး အသုံးပြုမှုအဆင်ပြေပါသည်။မိုးရာသီ၌၄င်းသဲကို သယ်ယူရန်ခက်ခဲသည်။ အထက်ကြောင်းရာပါကိစ္စနှင့်ပတ်သက်၍လေ့လာတွေ့ရှိချက်အထူးတင်ပြရန်မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လယ်သမား | ၁✔ ၂☐ ၃☐ | ပညာရေး☐ငွေကြေး✔ ကျန်းမာရေး☐ဘာသာရေး✔ | စွမ်းဆောင်ရည်ကောင်းမွန်ပြီးခိုင်မာတောင့်တင်းမှုရှိပါသည် |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၂ | ငွေစုငွေချေး | ၁☐ ၂✔ ၃☐ | ပညာရေး☐ငွေကြေး✔<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အသင့်အတင့်အထောက်အကူပြုပါ သည်။ |
| ၃ | မီးလင်းရေး ကော်မတီ | ၁☐၂✔ ၃☐ | ပညာရေး☐ငွေကြေး✔<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စွမ်းဆောင်ရည်မြင့်မား၍ကောင်းမွန် နိုင်မာသောအဖွဲ့ဖြစ်သည် |
| ၄ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂☐ ၃✔ | ပညာရေး✔ငွေကြေး☐<br>ကျန်းမာရေး✔ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စွမ်းဆောင်ရည်ကောင်း မွန်သော် လည်း<br>နိုင်မာတောင့်တင်းမှုအားနည်းသည် |
| ၅ | သာရေးနာ ရေးအဖွဲ့ | ၁☐ ၂☐ ၃✔ | ပညာရေး☐ငွေကြေး✔<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စွမ်းဆောင်ရည်မြင့်မား၍နိုင်မာသော အဖွဲ့ဖြစ်သည်။ |
| ၆ | အုပ်ချုပ် ရေးအဖွဲ့ | ၁✔ ၂☐ ၃☐ | ပညာရေး✔ငွေကြေး ✔<br>ကျန်းမာရေး✔ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး✔ | စွမ်းဆောင်ရည်မြင့်မား၍နိုင်မာ တောင့်တင်းသောအဖွဲ့ဖြစ်သည်။ |
| ၇ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃✔ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး။နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သက်ကြီးရွယ်အိုများပြီးနိုင်မာမှုအား နည်းသည်။ |

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ရပ်မိရပ်ဖအဖွဲ့သည်အားလုံးနှင့်ဆက်**

သွယ်နေပြီးအင်အားနည်းသည်။ အမျိုးသမီးများမှာ သာရေးနာရေးအဖွဲ့ တွင် အများဆုံးပါဝင်ပြီး အင်အားအတောင့်တင်းဆုံးဖြစ်သည်။

(၄) **စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

(၄.၁) **ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | သင့် | နည်း | မရှိ |
| အိမ်အခြေအနေ | ကောင်း | သင့် | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆန်၊ပဲပိုင်ဆိုင်မှု များ | သင့် | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ယာ၊စက် နှင့်ရောင်းဝယ် ရေး | လယ်ယာ | လယ်၊ပျံကျ | ကျပန်း |
| အိမ်ထောင်စု | ၃၀ | ၁၀၀ | ၁၂၀ | ၈၀ |

ရင်းမြစ် - (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာတွင်အများစုသည်စိုက်ပျိုးရေး ကိုအဓိကမှီခိုနေရပြီးပြေလည်သောအိမ်ထောင်စုမှာအလွန်နည်းပြီးမပြေလည်သူများလှသည်။စိုက် ပျိုးစရိတ်ကုန်ကျမှုများခြင်းထွက်ကုန်သယ်ယူစရိတ်များ၊ဓါတုဆေးဝါးနှင့်မြေသြဇာများဈေးနှုန်းမြင့် မားခြင်းတို့ပင်ဖြစ်သည်။

(၄.၂) **သီးနှံထုတ်လုပ်ရေး**

(၄.၂.၁) **စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၄၃ | ၄၃.၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၄၅ | ၁၃.၆ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၆၄ | ၁၉.၃ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၅၅ | ၁၆.၆ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၂၃ | ၆.၉ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၃၃၀ | | |

ရင်းမြစ် -(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ကျေးရွာတွင်လယ်ယာမြေအများဆုံးပိုင်ဆိုင်သောလယ်သမားကြီးများသည်အသင့်အတင့်ပြေလည်မှုရှိကြပြီးအလယ်လတ်တန်းစားလယ်သမားများမှာပြေလည်ရုံသာရှိကြပြီးပိုလျှံမှုမရှိပေ၊၎င်းတို့ထက်နိမ့်သောလယ်သမားများမှာအလွန်ပင်အဆင်မပြေကြပေ။ခက်အခဲနှင့်စိန်ခေါ်မှုများမှာ မိမိတို့စိုက်ပျိုးထုတ်လုပ်သောသီးနှံများဈေးနှုန်းကျဆင်းခြင်း၊အလုပ်သမားရှားပါးခြင်းကြောင့်ကုန်ကျစရိတ်များပြားခြင်း၊မြေသြဇာများဈေးကြီးခြင်း၊ဓါတုပိုးသတ်ဆေးများဈေးကြီးခြင်းတို့ကြောင့်လယ်သမားအများစုမှာပြေလည်မှုမရှိကြပေ။အချို့သောလယ်သမားများမှာနိုင်ငံခြားသို့သွားရောက်အလုပ်လုပ်ကိုင်နေကြသည်ကိုတွေ့ရှိရ သည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၁၁၈၈.၇၅ | တင်း | ၅၀ | ၈၀ | ၆၅ | အကျိုးအမြတ်အသင့်အတင့်ရရှိပါသည်။ |
| မတ်ပဲ | ၇၀၀ | တင်း | ၈ | ၁၆ | ၁၂ | အကျိုးအမြတ်ရရှိမှုယခုနှစ်တွင်ဈေးနှုန်းကျဆင်းမှုကြောင့်နည်းသည်။ |
| ပဲတီစိမ်း | ၄၀၀.၇၅ | တင်း | ၈ | ၁၆ | ၁၂ | အကျိုးအမြတ်အသင့်အတင့်ရရှိပါသည်။ |
| ကုလားပဲ | ၈၈ | တင်း | ၈ | ၁၆ | ၁၂ | အကျိုးအမြတ်အသင့်အတင့်ရရှိပါသည်။ |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အဓိကသီးနှံများမှာစပါးနှင့်ပဲမျိုးစုံဖြစ်ပြီးသီးနှံများမှာအထွက်နှုန်းကောင်းမွန်သော်လည်းဈေးကွက်လက်လှမ်းမမှီမှု၊သီးနှံဈေးနှုန်းကျဆင်းခြင်း၊လုပ်အားခများဈေးကြီးခြင်း၊ဓါတုပိုးသတ်ဆေးနှင့်မြေသြဇာများဈေးကြီးခြင်းတို့ကြောင့်လယ်သမားအများစုမှာအလွန်ပင်ငွေကြေးအခက်အခဲနှင့်ကြုံတွေ့နေရသည်။အချို့လယ်သမားများမှာလုပ်ငန်းရှင်ကြီးများထံမှငွေတိုးယူ၍ပြေလည်အောင်အခက်အခဲများကိုဖြေရှင်းနေရသည်။ ၎င်းအခက်အခဲများကြောင့်လယ်သမားအချို့နိုင်ငံခြားသို့အလုပ်ထွက်လုပ်ရသောအခြေများဖြစ်နေသည်ကိုတွေ့ရှိရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း<br>လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၅၃ | ၁၂၇ |
| **နို့စားနွား** | ၁၄ | ၁၉ |
| **ကျွဲ** | ၁၃ | ၃၆ |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၈၅ | ၂၀၈ |
| ကြက် | ၁၄၃ | ၁၄၈၉ |
| ဘဲ | ၁၈ | ၁၆၄ |
| နွားနောက် | ၂ | ၂ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၃ | – |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။မွေးမြူရေးလုပ်ငန်းကိုတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပြီးစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ကြသည်။မွေးမြူရေးကိုငွေကြေးအရင်းအနှီးနှင့်နည်းပညာအခက်အခဲကြောင့်စီးပွားဖြစ်မွေးမြူခြင်းလုပ်ကိုင်ကြခြင်းမရှိပေ။ငါးကန်လုပ်ငန်းကိုလည်းအနည်းငယ်မျှလုပ်ကိုင်ကြသည်။ငါးကန်များမှာလည်း(၁)ဧကပြည့်သောငါးကန်ဟူ၍မရှိဘဲဒသသမအနည်းမျှသာဖြစ်သည်။ငွေကြေးအရင်းအနှီး၊နည်းပညာနှင့်လုပ်ပိုင်ခွင့်အခက်အခဲများကြောင့်ဖြစ်သည်ကိုတွေ့ရှိရသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း ။ အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ | ၆ | ၄၂ | ၃ | လတ် |

| | | | | | |
|---|---|---|---|---|---|
| | လုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၁ | | နိမ့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၃ | ၃ | ၅ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၃ | ၆ | - | နိမ့် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | ၃ | ၂၀ | - | လတ် |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၂ | ၈ | - | နိမ့် |
| ၁၃ | ကျန်းမာရေး | ၁ | ၁ | - | နိမ့် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၅ | ၅၀ | ၂၅ | မြင့် |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | ၁ | ၂ | ၂ | လတ် |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။လက်လုပ်လက်စားသမားများအနေဖြင့်ဝင်ငွေနည်းကြသည်ကိုတွေ့ရသည်။ဝန်ထမ်းအနည်းငယ်ရှိပြီးဝင်ငွေနည်းသည်ကိုတွေ့ရသည်။ထုတ်ကုန်လုပ်ငန်းအဖြစ်ဆန်စက်လုပ်ငန်း(၁)ခုရှိသော်လည်းလည်ပတ်နိုင်မှုမရှိပေ။အိမ်တွင်းအပ်ချုပ်လုပ်ငန်းအနည်းငယ်မျှရှိသော်လည်းပုံမှန်လုပ်ကိုင်ခြင်းမျိုးမဟုတ်သည်ကိုတွေ့ရသည်။အသက်မွေးဝမ်းကြောင်းပညာများဖြစ်သော အပ်ချုပ်၊စက်ပြင်၊ပန်းရံလက်သမားဆရာဖြစ်သင်တန်းများဖွင့်လှစ်လုပ်ဆောင်ပေးလျှင်ဖြင့်ကျေးရွာသူ၊သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများတိုးလာပြီးဝင်ငွေကောင်းလာနိုင်ပါသည်။**

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့၊ ရွာ)** | ဖြူးစည်ပင်သာယာဈေး | တောင်ငူစည်ပင်သာယာဈေး |
| **ရွာမှအကွာအဝေး (မိုင်)** | ဝ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ | ဝ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၅ မှ ၁၀ မိုင် ✔ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ✔ ၅၁ မှ ၁၀၀ ☐၁၀၀မိုင် အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔ ကား။ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား။ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။စပါးနှင့်ပဲများပို့ဆောင်ရောင်းချရာတွင်ဈေးကွက်နှင့်ဝေးကွာပြီးသယ်ယူစရိတ်မြင့်မားခြင်း၊အချိန်မှီပို့ဆောင်ရန်ခက်ခဲခြင်းတို့ရှိသည်ကိုတွေ့ရသည်။ဖြူးစည်ပင်သာယာဈေးတွင်အိမ်သုံးပစ္စည်းများမှအစလိုအပ်သောပစ္စည်းများကိုအလွယ်တကူဝယ်ယူနိုင်ပါသည်။**

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| **ရွာတွင်းလမ်း** | ၁☐၂✔၃☐ ၄☐၅☐ | ကောင်း☐ သင့်✔ ညံ့☐ | ပွင့်လင်း ရာသီ✔ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်✔ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| **ချဉ်းကပ်လမ်း** | ၁☐၂☐၃✔ ၄☐၅☐ | ကောင်း☐ သင့်✔ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး✔ | ၀–၁ မိုင်☐ ၁–၅ မိုင်✔ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| **ရွာချင်းဆက်လမ်း** | ၁☐၂✔၃☐ ၄☐၅☐ | ကောင်း☐ သင့်✔ ညံ့☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး✔ | ၀–၁ မိုင်☐ ၁–၅ မိုင်✔ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းလမ်း(၄)လမ်းရှိပြီးရွာ၏မြောက်ဘက်လမ်းနှင့်တောင်ဘက်လမ်းတို့မှာမြေသားလမ်းများဖြစ်ကြပြီး၊ကျန်းလမ်း(၂)ခုမှာကျောက်ကြမ်းလမ်းများဖြစ်ကြသည်။ ဝဲကြီး-သစ်ချောက်ခင်-ရှားပင်ချောင်လမ်းမှာကျေးရွာချင်းဆက်လမ်းဖြစ်သလိုကျွန်တော်တို့ကျေးရွာ မှ ဖြူး-အုတ်ဖြတ်-မုန်းလမ်းမကြီးပေါ်သို့ဆက်သွယ်သောချဉ်းကပ်လမ်းလည်းဖြစ်သည်။ထိုလမ်းအားဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၁၅-၁၆ဘဏ္ဍာနှစ်တွင်အရှည်(၂)မိုင်အားကျောက်ချောလမ်းအဖြစ်ခင်းပေးခဲ့သဖြင့်တစ်နှစ်ပတ်လုံးအသုံးပြုနိုင်သေးသည်။ရွာတွင်းမြေသားလမ်း(၂)လမ်းအရှည်ပေ(၃၀၀၀)အားမိုးရာသီသွားလာရန်ခက်ခဲသဖြင့်အဆင့်မြှင့်နိုင်ရန်လို**

**အပ်ကြောင်းလည်းတွေ့ရှိရပါသည်။**

## (၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| **သယ်ယူပို့ဆောင်ရေး** | ႏွမေန္မအ အသတည **အကွာအဝေး** (မိုင်) | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁ဝ မိုင် ✔<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး✔ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁ဝ မိုင်☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ရေကြောင်းသယ်ယူပို့ဆောင်ရေးအားအသုံးပြုမှုနည်းသည်။ကုန်းလမ်းနှင့် ရေလမ်းဆက်သွယ်ရန်ခက်ခဲခြင်းကြောင့်ဖြစ်သည်။မြစ်နှင့်ကျေးရွာသည်(၁)မိုင်ခွဲခန့်ဝေးကွာခြင်း လမ်းပန်းခက်ခဲခြင်း၊ကုန်ကျစရိတ်များခြင်းနှင့်ဆိပ်ကမ်းမရှိခြင်းတို့ပင်ဖြစ်သည်။**

## (၅. ၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| **ယာဉ်အမျိုးအစား** | **လှေ၊ သမ္ဗာန်** | **စက်လှေ** | **စက်ဘီး** | **မော်တော်ဆိုင်ကယ်** | **သုံးဘီးဆိုင်ကယ်** | **ထော်လာဂျီ** | **ကား** | **မြင်းလှည်း** | **နွားလှည်း** |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၅ | | ၁၂၉ | ၁၈၃ | - | ၄၁ | ၂ | | ၂၆ |

**ရင်းမြစ်-အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှစိုက်ပျိုးထွက်ကုန်များကိုကား ။ထော်လာဂျီများနှင့်ငှါးရမ်းသယ်ယူရပြီးကုန်ထုတ်လမ်းအခက်အခဲကြောင့်ဝန်ဆောင်မှုများသည်။ဆိုင်ကယ်များဖြင့်ကယ်ရီအငှား လိုက်ကြသည်။မိုးအခါတွင်သယ်ယူပို့ဆောင်ရေးအခက်အခဲအနည်းငယ်ရှိသည်ကိုတွေ့ရသည်။**

## ၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| **ရင်းမြစ်** | **အိမ်ထောင်စု** |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၂၁၉ |
| ဆိုလာစနစ် | ၅၉ |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၁၁၁ |

**ရင်းမြစ်**- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။လျှပ်စစ်မီးသွယ်တန်းရရှိပြီးနောက်တစ်ရွာလုံးမီးလင်းရေးအတွက် ကျေးရွာမီးကော်မတီမှဆောင်ရွက်ပေးလျက်ရှိသည်။ဒီဇယ်အင်ဂျင်ရှိသောအိမ်ထောင်စုများရှိသော် လည်းမီးပျက်သောညအခါများသာအသုံးပြုကြသည်။မီတာမရှိသေးသောအိမ်ထောင်စုများအတွက် ကျေးရွာမီးလင်းရေးကော်မတီမှလျှပ်စစ်ဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပေးနေကြောင်းလည်းတွေ့ရသည်။**

**(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၃၂၇ | ၇ | ၂၀၇ |

**ရင်းမြစ်-အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ဖုန်းတာဝါတိုင်များကျေးရွာအနီးတွင်မရှိသဖြင့်ဖုန်းလိုင်းအချို့မမိခြင်း များရှိသည်။စလောင်းများလည်းလိုင်းမိခြင်းအားနည်းမှုရှိသည်။ဖုန်းသုံးစွဲသူများပြားလာခြင်း ကြောင့်အကျိုးစီးပွားကူးသန်းရောင်းဝယ်မှုအဆင်ပြေလာသည်။စလောင်းလိုင်းသုံးသူ၊အင်တာနက် အသုံးပြုနိုင်သူများအသင့်အတင့်ရှိလာပြီးသတင်းအချက်အလက်များကြားသိမှုတိုးတက်လာသည်။ဖုန်းလိုင်းများေ ောင်းမွန်လာစေချင်သည်။**

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၈၀ | ၈၃ | ၁၆၃ |
| အလယ်တန်း | ၇၁ | ၅၄ | ၁၂၅ |
| အထက်တန်း | ၄၁ | ၁၃ | ၅၄ |
| တက္ကသိုလ်၊ကောလိပ် | ၁၉ | ၁၃ | ၃၂ |

**ရင်းမြစ်** - (၁) **ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ

အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် -ဘုန်းကြီးကျောင်းသင်ပညာရေး- ကို သင်ယူဆည်းပူး နေသော ကျောင်းသူ၊သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်၊အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ပညာရေးနှင့်ပတ်သက်၍မူလတန်းမှအလယ်တန်းသို့ကူးပြောင်းပညာသင်ရာ(၆)ပုံ(၁)ပုံလျော့၊အလယ်တန်းမှအထက်တန်းပညာရေးသို့တစ်ဝက်နီးပါးလျော့၊အထက်တန်းမှ တက္ကသိုလ်ပညာရေးသို့ထက်ဝက်မကလျော့၍ရှိနေပြီး ပညာရေးပိုင်းတွင် ငွေကြေးအခက်အခဲ၊ မိသားစုစားဝတ်နေရေးကြောင့်အလုပ်များဝင်လုပ်ရခြင်းများကြောင့်ပညာရေးနိမ့်ပါးမှုများရှိသည်ကို တွေ့ရှိရသည်။**

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ) ✔<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✔<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)၀ | ၅၇၆၀စတုရန်းပေ | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်☐ညံ့✔ | ကောင်း☐သင့်☐ညံ့☐ | ကောင်း☐သင့်☐ညံ့☐ |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✔ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✔<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |
| **ဈ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ✔<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ |

| **ဉ။**ကျောင်းဆရာ၊မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|---|---|---|---|---|---|
| အစိုးရခန့် | ၄ | ၂၃ | ၂၇ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ်** - (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏**

စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ - အလျား x အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာစာသင်ကျောင်းသည်အထက(ခွဲ)ဖြစ်ပြီးကျောင်းအုပ်ဆရာမကြီး နှင့် ဆရာ(၃)ဦး၊ဆရာမ(၁၉)ဦး၊စာရေးဝန်ထမ်း(၂)ဦး၊သန့်ရှင်းရေး(၁)ဦးနှင့်ကျောင်းစောင့်(၁)ရှိ သဖြင့်ဆရာ၊ဆရာမအင်အားလုံလောက်သည်။ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိကြောင်း တွေ့ရသည်။**

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| ရ | *ရောဂါ* | *ပျံ့နှံ့မှု၊ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၃* | ငှက်ဖျား | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၅* | ဠဟ ဗှီဟ လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |
| *၆* | တီဘီ | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၇* | ဆီးချို | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၈* | သွေးတိုး | *မြင့်*☐ | *နိမ့်*✔ | *မရှိ*☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ | *နိမ့်*✔ | *မရှိ*✔ |
| *၁၀* | အာဟာရ ချို့တဲ့မှု | *မြင့်*☐ | *နိမ့်* ✔ | *မရှိ*☐ |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*✔ |

**ရင်းမြစ်** - (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန၊ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရန်ကာကွယ်မှုအနေဖြင့် ကျန်းမာရေးဆရာမနှင့်အဖွဲ့မှဆေးများကိုရေတွင်းရေကန်ရေအိုးတို့တွင်ထည့်ပေးမှုရှိသည်။မြို့နယ် ကျန်းမာရေးဌာနမှဆေးဝါးအကူအညီထောက်ပံ့ပေးသော်လည်းကျန်းမာရေးအတွက်အသိပညာပေး ဟောပြောခြင်းများနည်းပါးကြောင်းလေ့လာတွေ့ရှိရသည်။**

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| *စဉ်* | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | *ရှိ* | *မရှိ* |
|---|---|---|---|
| *၁* | အဆုတ်ရောဂါ | ✔ | |
| *၂* | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| *၃* | ပိုလီယိုရောဂါ | ✔ | |
| *၄* | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| *၅* | ဝက်သက်ရောဂါ | ✔ | |
| *၆* | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✔ | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✔ | |

**ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ကျန်းမာရေးဆေးပေးခန်းမှကိုယ်ဝန်သည်အမျိုးသမီးများ၊ ကလေးငယ်များကြိုတင်ကာကွယ်ဆေးအမျိုးမျိုးထိုးပေးခြင်း၊ကျန်းမာရေးဆိုင်ရာကုသမှုအချို့တို့ကိုကုသပေးနိုင်ပြီး ကျေးရွာအုပ်စုအတွင်းရှိကျေးရွာများမှလည်းလာရောက်ကုသမှုရှိကြောင်းလည်း တွေ့ရသည်။မြို့နယ်ကျန်းမာရေးဌာနမှလည်းဆေးဝါးထောက်ပံ့မှုရှိပါသည်။ကျေးရွာဆေးပေးခန်းမှာ နေရာကျဉ်းနေ၍ နေရာနှင့်အဆောက်အဦးစီမံပေးရန်လိုအပ်မှုရှိကြောင်းတွေ့ရှိရပါသည်။**

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ။ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း။ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန။ ဌာနခွဲ | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ✔ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ✔<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ✔<br>၁၀ မိုင်အထက်☐ | ရှိ ✔<br>မရှိ ☐ |

**ရင်းမြစ် - (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကာကွယ်ဆေးနှင့်အခြားဖျားနာခြင်းများအတွက်သောက်ဆေးများကို ကျေးရွာဆေးပေးခန်းမှလုံလောက်စွာကုသပေးနိုင်မှုရှိသည်။ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင် မိခင်များအတွက်ဆေးဝါးလုံလောက်မှုရှိသည်။အရေးပေါ်ရောဂါပြင်းထန်ပါကမြို့နယ်ဆေးရုံသို့သွားရောက်ကုသရန် အတွက်လမ်းပန်းဆက်သွယ်အခက်အခဲရှိသည်။ဝဲကြီးတိုက်နယ်ဆေးရုံနှင့်(၃)မိုင် သာဝေး၍ကျေးရွာအတွက်အထောက်အကူကောင်းဖြစ်လာသည်။**

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

## (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁ | ကောင်း☐ သင့်☐ ညံ့✔ | ရှိ |
| အဝီစိတွင်း။ စက်တပ် | ၁၈၈ | ကောင်း☐ သင့်✔ ညံ့☐ | ရှိ |
| အဝီစိတွင်း။ တုံကင် | ၃၇ | ကောင်း☐ သင့်✔ ညံ့☐ | ရှိ |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့် ☐ညံ့☐ | |
| မြစ်။ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။သောက်သုံးရေရရှိမှုလွယ်ကူသော်လည်းရေအရည်အသွေးစစ်ဆေးထားမှုမရှိခြင်း၊သံဓါတ်များပါဝင်မှုတွေ့ရခြင်းတို့ကြောင့်သန့်ရှင်းသောသောက်သုံးရေရရှိမှုခက်ခဲသည်။ရေတွင်းနှင့်အိမ်သာများနီးကပ်မှုမရှိခြင်း၊စွန့်ပစ်ပစ္စည်းများစနစ်တကျစွန့်ပစ်ခြင်းများကြောင့်ပတ်ဝန်းကျင်သန့်ရှင်းမှုရှိခြင်းတို့ကိုတွေ့ရသည်။**

## (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၅၅ |
| ရေလောင်း။ယင်လုံအိမ်သာ | ၂၇၁ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း။ဇလားအိမ်သာ | ၂၇၇ |
| တွင်းမရှိ အိမ်သာ | ၆ |
| အိမ်သာမရှိ | ၇ |

**ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန။ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုစာရင်းကောက်ယူမှုတွင်အချို့ကအခွန်ကောက်မှာလား၊ယင်လုံအိမ်သာဆောက်ပေးမှာလားဟုစပ်စုမေးမြန်းခြင်းမျိုးလည်းတွေ့ရသည်။အိမ်ထောင်စုအချို့မှာခြံဝန်းတစ်ခုတည်းတွင်အတူတကွနေထိုင်ပြီးအိမ်သာကိုအတူတကွသုံးယူခြင်းမျိုးလည်းရှိသည်။ယင်လုံအိမ်သာသုံးစွဲနိုင်စေရေးအတွက်ကျန်းမာရေးအသိပညာပေးခြင်းမျိုးလိုအပ်မှုရှိကြောင်းတွေ့ရ သည်။**

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | ငလျင် | |
| ၈ | မီးဘေး | |
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ။လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ထိခိုက်အန္တရာယ်ရှိနိုင်သောဘေးအန္တရာယ်မျိုးမရှိသော် လည်း ကြိုတင်ကာကွယ်မှုများအုပ်ချုပ်ရေးပိုင်းမှပြုလုပ်ခြင်းမျိုးရှိသည်ကိုတွေ့ရသည်။လမ်းပန်း ဆက်သွယ်ရေးအနည်းမျှသာမိုးရာသီတွင်ခက်ခဲမှုရှိသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်၊ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | မြေသြဇာအလွန်အကျွံသုံးစွဲခြင်း |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။လက်ရှိမြေဆီလွှာအနေအထားအသင့်အတင့်ရှိသော်လည်းလယ်ယာစိုက်ပျိုးသူများအနေဖြင့်ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်းကြောင့်မြေဆီလွှာအရည်အသွေးကျဆင်းလာသည်ကိုတွေ့ရသည်။စိုက်ပျိုးရေးပညာပေးဟောပြောပွဲများပြုလုပ်ပေးသင့်ပါသည်။**

(၁၀) **ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| **စဉ်** | ***ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*** | ***ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*** | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု။ခေါင်းဆောင်မှု | ***ရှိ***☐ | ***မရှိ***✔ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ***ရှိ***✔ | ***မရှိ***☐ |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများပါဝင်မှုနည်းပါးသော်လည်း၊လူမှုရေးအသင်းတွင်တာဝန်ကျဆောင်ရွက်မှုတွင်အားကောင်းသည်။ကျေးရွာဖွံ့ဖြိုးရေးဆောင်တာများတွင်အသင်းတာဝန်မှလွဲ၍အခြားသောအပိုင်းများတွင်ဦးဆောင်ပါဝင်မှုမရှိကြောင်းလည်း တွေ့ရသည်။**

နောက်ဆက်တွဲ၃

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းမကောင်းခြင်း | မြေသားလမ်းဖြစ်ခြင်း | လုပ်အား | -ငွေကြေး | ကွန်ကရစ်လမ်းခင်းခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |
| ၂။ | ကျေးရွာချင်းဆက်လမ်းမကောင်းခြင်း | ကျောက်ချောလမ်းအားမပြုပြင်နိုင်ခြင်း | လုပ်အား | ငွေကြေး | လမ်းအဆင့်မြှင့်တင်ပေးခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရန် |
| ၃။ | စာသင်ဆောင်နှင့်ပရိဘောဂများမလုံလောက်ခြင်း | ကျောင်းသားဦးရေများပြားခြင်း | လုပ်အား | ငွေကြေး | စာသင်ဆောင်နှင့် ပရိဘောဂများပြုလုပ်ခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရန် |
| ၄။ | သောက်သုံးရေမသန့်ခြင်း | သံဓါတ်များပြားခြင်း | မြေနေရာပေးနိုင်ခြင်း | ငွေကြေး | စက်ရေတွင်းတူးဖော်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် |